၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၈)
# မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁)

မောင်စာဂ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) ကို ထုတ်ပြန်ထားသည်။ ယင်းထုတ်ပြန်ချက်အရ လှည့်လည်မဲဆွယ်စည်းရုံးခြင်း၊ ပြင်ပနေရာများ၊ အဆောက်အအုံများ၌ မဲဆွယ်စည်းရုံးခြင်း၊ အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့် အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်းဟူ၍ စည်းရုံးခြင်း ငါးမျိုးကို ဖော်ပြထားပြီး လိုက်နာရန်အချက်များကိုလည်း စံလုပ်ငန်းလမ်းညွှန်အဖြစ် သက်မှတ်ထားပါသည်။ အနှစ်ချုပ်မျှဝေပါရစေ။**

### လှည့်လည်မဲဆွယ်စည်းရုံးခြင်း

လူ (၄) ဦးထက်ပို၍ စီးနင်းနိုင်သော မော်တော်ယာဉ် (လူ ၂၅ ဦးဆံ့ / ၄၅ ဦးဆံ့ ဘတ်စ်ကား၊ မီနီဘတ်စ်၊ လိုက်ထရပ်စသည်...)တို့တွင် ယာဉ်အမျိုးအစားအလိုက် အများဆုံး တင်ဆောင်နိုင်သည့် လူဦးရေ၏ ထက်ဝက်သာ Social Distancing မှုများနှင့်အညီ လိုက်ပါစီးနင်းရမည်။

ကိုယ်စားလှယ်လောင်းများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)နှင့် မျက်နှာအကာ (Face Shield)ကို အမြဲတမ်းတပ်ဆင်ထားရမည်။ လိုက်ပါသူများသည် ပါစပ်နှင့် နှာခေါင်းစည်းများ အမြဲတမ်းဝတ်ဆင် အသုံးပြုရမည်။ အယ်လ်ကိုဟောအနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည် (Hand Sanitizer) ဖြင့် မကြာခဏ လက်သန့်စင်ခြင်းကို ပြုလုပ်ရမည်။

စည်းရုံးရေးလိုက်ပါမည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါခေတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်းစစ်ဆေးပြီးမှ လိုက်ပါခွင့်ပြုရမည်။ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ရမည်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာရှိသူများအား မဲဆွယ်စည်းရုံးရေးလုပ်ငန်းများတွင် လုံးဝလိုက်ပါခြင်း မပြုရပါ။ လူစုလူဝေးမဖြစ်စေရေးကို အဓိက ဦးတည်ဆောင်ရွက်ပေးရမည်။ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီ ကွာလျက် ဆောင်ရွက်ရမည်။ ရပ်နား၍ နောက်တစ်ကြိမ် (သို့မဟုတ်) နောက်တစ်နေရာ၌ ဟောပြောလျှင် နေရာအကျယ်အဝန်းပေါ် မူတည်၍ လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း လုံးဝမပြုရပါ။ ဟောပြောခြင်း၊ မိန့်ခွန်းပြောခြင်း၊ သီချင်းဖြင့် ဖျော်ဖြေခြင်းတို့အတွက် ယာဉ်ပေါ်တွင် တပ်ဆင်ထားသော စကားပြောစက်ကို အသုံးပြုရမည်။ တတ်နိုင်သမျှ လူတစ်ဦးချင်းစီအတွက် သီးသန့်စကားပြောကိရိယာ (Microphone) အသုံးပြုရမည်။ အသုံးပြုပြီး ပစ္စည်းများ၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရမည်။

လိုက်ပါမည့်သူများအနက် မဲဆွယ်စည်းရုံးမည့် ကာလတစ်လျှောက်လုံး၌ တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်လာပါက အနီးဆုံး ကျန်းမာရေးဌာနသို့ သွားရောက် ပြသရမည်။

### ပြင်ပနေရာများ၊ အဆောက်အအုံများ၌ မဲဆွယ်စည်းရုံးခြင်း

စည်းရုံးရေးလိုက်ပါမည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါ ခေတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်းစစ်ဆေးပြီး မရှိမှ လိုက်ပါခွင့်ပြုရမည်။

မဲဆွယ်စည်းရုံးခြင်းကို တတ်နိုင်သမျှ အလုံပိတ်/ တံခါးများပိတ်ထားသော အခန်းများအတွင်း ဆောင်ရွက်ခြင်းမပြုဘဲ တံခါးများဖွင့်၍လည်းကောင်း၊ လေဝင်လေထွက်ကောင်းသော နေရာများတွင်လည်းကောင်း၊ ကွင်းပြင်များတွင် လည်းကောင်း၊ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ အခြေခံအားဖြင့် လူတစ်ဦးလျှင် ၃၆ စတုရန်းပေနှုန်းဖြင့် နေရာစီမံဆောင်ရွက်ရမည်။ နေရာအကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် အများဆုံး လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

တက်ရောက်လာသူများအားလုံး ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ အမြဲတမ်းတပ်ဆင်ရမည်။ အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်ဆေးရည်များထားရှိရမည် သို့မဟုတ် ဖြစ်နိုင်ပါက လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာတို့ကို အသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ဆေးကြောနိုင်ရေး အသင့်ပြင်ဆင်ထားရှိရန်နှင့် အမှိုက်များ စွန့်ပစ်ရန်အတွက် အဖုံးပါသော အမှိုက်ပုံးထားရှိပြီး စနစ်တကျစွန့်ပစ်ရမည်။

> **“၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်မျှတစွာဖြင့် အောင်မြင်အောင် ကျင်းပသွားရန် လိုအပ်သကဲ့သို့ COVID – 19 ရောဂါ ကူးစက်ခံရမှုမရှိစေရေးအတွက်လည်း အထူးအလေးထားရပါမည်။ ယခုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုန်ပြန်ခဲ့သော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် ဖြစ်သည်။ မဲဆန္ဒရှင်များနှင့် မဲရုံဝန်ထမ်းများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂) ကိုလည်း ထုတ်ပြန်သွားမည်ဟု သိရ”**

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာရှိသူများအား စည်းရုံးရေးလုပ်ငန်းများတွင် လုံးဝလိုက်ပါစေခြင်း မပြုရပါ။ မဲဆွယ်စည်းရုံးရာတွင် လူတစ်ဦးချင်းစီအတွက် သီးသန့်မိုက်ခရိုဖုန်းကို အသုံးပြုရမည်။ ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရပါ။

### အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ် စည်းရုံးခြင်း

Live Stream အား နားထောင်မည့် နေရာများတွင် Social Distancing မှုကို တိကျစွာ လိုက်နာ၍ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ လူတစ်ဦးလျှင် ၃၆ စတုရန်းပေနှုန်းဖြင့် နေရာစီမံဆောင်ရွက်ရမည်။ နေရာအကျယ်အဝန်းပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

လာရောက်မည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါခေတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/ မရှိ မေးမြန်းစစ်ဆေးပြီး မရှိမှ တက်ရောက်ခွင့်ပြုရမည်။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများ လုံးဝမလာရပါ။

Live Stream ပြုလုပ်မည့်နေရာကို လေဝင်လေထွက် ကောင်းမွန်စေရေး တံခါးများဖွင့်၍ စီစဉ်ထားရှိရမည်။ အလုံပိတ်အခန်းများတွင် မပြုလုပ်ရပါ။ လာရောက်သူများအားလုံး ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာ မဖြစ်မနေ တပ်ဆင်ဆောင်ရွက်ရမည်။ လာရောက်သူများအားလုံး အသုံးပြုနိုင်ရေးအတွက် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်ဆေးရည်များ ထားရှိရမည် သို့မဟုတ် လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာနှင့် လက်ဆေးရေကန်တို့ကို ပြင်ဆင်ထားရှိရမည်။

နေရာအလိုက် တက်ရောက်သူများ စာရင်းပြုစုထားပြီး တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သတင်းပို့ရမည်။

### အိမ်တိုင်ရာရောက်မဲဆွယ်စည်းရုံးခြင်း

**အိမ်တိုင်ရာရောက် (Door to Door) မဲဆွယ်စည်းရုံးရေးဆင်းသော အဖွဲ့များတွင် လူဦးရေ ၁၅ ဦးထက်** မပိုရပါ။ ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာများ ဝတ်ဆင်၍ အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်ဆေးရည် အသုံးပြုရမည်။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယ လက္ခဏာရှိပါက လုံးဝ ပါဝင်ခွင့် မပြုရပါ။

မဲဆွယ်စည်းရုံးမည့်အိမ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာများ ခံစားနေရသူ (သို့မဟုတ်) COVID-19 ခေတ်ခွဲ အတည်ပြုလူနာ (သို့မဟုတ်) နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိသူ ရှိပါက အဆိုပါနေအိမ်သို့ ဝင်ရောက်ခြင်း မပြုရပါ။

Social Distancing မှုနှင့်အညီ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ မဲဆွယ်စည်းရုံးမှုကို နားထောင်သူများသည် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်၍ နားထောင်စေရမည်။ မဲဆွယ်စည်းရုံးသူများအနေဖြင့် ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရပါ။

ရွေးကောက်ပွဲမဲဆွယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သူများအားလုံးသည် “နှာစေး၊ ချောင်းဆိုးသည့်အခါ တိုင်း လိုက်နာကျင့်သုံးရသည့် ကျင့်ဝတ်များ” အတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

### နေအိမ်တွင်နေထိုင်ရခြင်း

**နေအိမ်တွင်နေထိုင်ရေး ( Stay at Home ) အစီအစဉ် သတ်မှတ်ထားသော တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာဒေသများတွင် လှည့်လည်မဲဆွယ် စည်းရုံးခြင်း၊ ပြင်ပနေရာများနှင့် အဆောက်အအုံများတွင် မဲဆွယ်စည်းရုံးခြင်း၊ အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများ လုံးဝဆောင်ရွက်ခြင်း မပြုကြရပါ။** သို့ရာတွင် အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးဆောင်ရွက်ခွင့် ရှိနေကြသည်။

### ရွေးကောက်ပွဲ၏ စံလုပ်ငန်းလမ်းညွှန်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်မျှတစွာဖြင့် အောင်မြင်အောင် ကျင်းပသွားရန် လိုအပ်သကဲ့သို့ COVID – 19 ရောဂါ ကူးစက်ခံရမှုမရှိစေရေးအတွက်လည်း အထူးအလေးထားရပါမည်။ ယခုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် ဖြစ်သည်။ မဲဆန္ဒရှင်များနှင့် မဲရုံဝန်ထမ်းများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂) ကိုလည်း ထုတ်ပြန်သွားမည်ဟု သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စံလုပ်ငန်းလမ်းညွှန်ချက်များသည် ရွေးကောက်ပွဲ ချောမောအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိက စံလုပ်ငန်းလမ်းညွှန်ဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်းပါခင်ဗျာ။

- ❖ COVID – 19 ရောဂါ ကူးစက်ခံရမှုများကို လျင်မြန်စွာ ထိန်းချုပ်နိုင်ကြပါစေ၊
- ❖ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အလေးထား လိုက်နာ ဆောင်ရွက်နိုင်ကြပါစေ၊
- ❖ မဲဆန္ဒရှင်များ စိုးရိမ်ကြောင့်ကြမှုကင်းစွာဖြင့် ဆန္ဒမဲပေးနိုင်ကြပါစေ။